# အမုန်းတရားကို အခြေခံ၍ ကျူးလွန်သော ရာဇဝတ်မှုများ သို့မဟုတ် အဖြစ်အပျက်များကို သတင်းပို့ပါ

အချက်အလက် စုဆောင်းပါ၊ ဆက်သွယ်ပါ၊ ကာကွယ်စောင့်ရှောက်ပါ။

| | | |
|---|---|---|
| သင့်ကို သို့မဟုတ်<br>သင့်အသိုင်းအဝိုင်းကို<br>ပစ်မှတ်ထားခံရသလား? |  |  |
| သင့်ကို သို့မဟုတ် သင့်အုပ်စု၏<br>ပစ္စည်းဥစ္စာအပေါ်<br>ပစ်မှတ်ထားခံရသလား? ပျက်စီးစေခြင်း၊<br>မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ (သို့မဟုတ်<br>ထိုသို့ပြုရန် ခြိမ်းခြောက်ခြင်း၊<br>အားထုတ်ခြင်း) |  | သင်းချိုင်း၊ စာကြည့်တိုက်၊<br>အစည်းဝေးခန်းမ၊ အပန်းဖြေရန်နေရာ၊<br>စာသင်ကျောင်းများကဲ့သို့<br>အများပြည်သူဆိုင်ရာ<br>အဆောက်အဦများနှင့်<br>ဆက်စပ်နေသော အိမ်ခြံမြေများ<br>သို့မဟုတ် ကိုယ်ပိုင်ပစ္စည်းဥစ္စာများ |
| သင်ကိုးကွယ်ရာဘာသာ<br>သို့မဟုတ် ဝတ်ပြုရာနေရာကို<br>ပစ်မှတ်ထားခံရသလား? | ကိုးကွယ်ရာဘာသာနှင့်ဆိုင်သော<br>ပစ္စည်းဥစ္စာများကို ဖျက်ဆီးရန်<br>ခြိမ်းခြောက်ခြင်း သို့မဟုတ်<br>ဖျက်ဆီးခြင်း | မိမိကိုးကွယ်ရာဘာသာတရားကို<br>အတင်းအကျပ်ပြု၍ သို့မဟုတ်<br>ခြိမ်းခြောက်၍ တားဆီးပိတ်ပင်ခြင်း |

| **အောက်ပါအကြောင်းအရာများနှင့် စပ်လျဉ်း၍ သင်၏ ကိုယ်ပိုင်ဝိသေသ သို့မဟုတ် အုပ်စုတစ်ခုတွင် တင် အပါအဝင် ဖြစ်ခြင်းကြောင့်** | **အမုန်းတရားကို အခြေခံ၍ ကျူးလွန်သေသော ရာဇဝတ်မှုနမူနာများ** |
|---|---|
| လူမျိုး<br>အသားအရောင်<br>ယုံကြည်ကိုးကွယ်ရာဘာသာ<br>လိင်စိတ်ခံယူမှု ကွဲပြားခြင်း<br>ကျား/မ အယူအဆ<br>မသန်စွမ်းမှု<br>ဇာတိရင်းမြစ်<br>အိုးအိမ်မဲ့ | လက်သရမ်းဖျက်ဆီးခြင်း၊ ဖုံးဖြင့်ခြိမ်းခြောက်ခြင်း၊ မီးရှို့ခြင်း၊<br>ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများ၊ ခိုးယူခြင်း<br>မုန်းတီးသော သင်္ကေတ၊ ဘာသာစကား၊ ဂရပ်ဖစ်တီတို့ဖြင့်<br>ပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်း၊<br>အွန်လိုင်း၊ တယ်လီဖုန်း၊ ကိုယ်ထိလက်ရောက်၊<br>စာရေးသားခြင်းအားဖြင့်<br> |

## မုန်းတီးမှုကို အခြေခံသည့် အဖြစ်အပျက်များ

| | |
|---|---|
| ရာဇဝတ်မှုအဆင့်သို့ မရောက်သည့် တဖက်စောင်းနင်း ဆောင်ရွက်သော မည်သည့်ပြောဆို ပြုမူမှု သို့မဟုတ် ရန်လိုမှုမဆို | ၎င်းအဖြစ်အပျက်များကို သတင်းပို့သင့်သည်။ ရာဇဝတ်မှုမြောက်၊မမြောက် သိရှိနိုင်ရန် ခက်ခဲသည့် ၎င်းအဖြစ်အပျက်များသည် အမုန်းတရားကို အခြေခံသည့် ရာဇဝတ်မှုများကဲ့သို့ပင် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားစေနိုင်သည်။ |

### အမုန်းတရားကို အခြေခံသည့် ဖြစ်ရပ်နမူနာများ






ရိုင်းစိုင်းသော အမည်များ၊ ယုတ်ညံ့သော စကားလုံးများ၊ ချိုးနှိမ်သော ပျက်လုံးများဖြင့် စော်ကားပြောဆိုခြင်း၊
လူမျိုးရေး ခွဲခြားခြင်း သို့မဟုတ် လိင်တူချစ်စိတ်ရှိသူများအပေါ် မလိုမုန်းထားသော ပုတ်ခတ်ပြောဆိုခြင်းများ
တစ်စုံတစ်ယောက်၏ ယဉ်ကျေးမှုစံနှုန်း သို့မဟုတ် အလေ့အထတို့ကို တုပခြင်း
အနိုင်ကျင့်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း
အမုန်းပွားစေသောစာများ ဖြန့်ဝေခြင်း
မုန်းတီးကြောင်း ဖော်ပြသည့်အရာ သို့မဟုတ် ယုတ်ညံ့သောရုပ်ပုံများ ပြသခြင်း
အနှောက်အယှက်ပေးခြင်း
အနံ့များ ဆူညံသံများ ပြုသည်ဟု မလိုတမာစိတ်ဖြင့် တိုင်ကြားချက်များ




သင့်အနေဖြင့် အမုန်းတရားကို အခြေခံသည့် ရာဇဝတ်မှု၏ သို့မဟုတ် ဖြစ်ရပ်၏ သားကောင် ဟုတ်/မဟုတ် သံသယဖြစ်ဖွယ် ရှိနေပါသလား?
အကူအညီ လိုအပ်ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါ

### သတင်းပို့ရမည့် နည်းလမ်း၊
### သင်သည် ကျူးလွန်ခံရသူ သို့မဟုတ် သက်သေဖြစ်နေပါသလား?

အဖြစ်အပျက်နှင့် ပြစ်မှုကျူးလွန်သူ(များ)၏ ဓာတ်ပုံ၊ ဗီဒီယိုနှင့် အသေးစိတ် မှတ်သားထားချက်များကို ဖြစ်နိုင်သမျှ အမြန်ဆုံး သတင်းပို့ရန်

| | | | | |
|---|---|---|---|---|
| အန္တရာယ်နှင့် ရင်ဆိုင်နေရစဉ် သို့မဟုတ် ရာဇဝတ်မှုကို မျက်မြင်တွေ့ကြုံနေရစဉ် 9-1-1 | ဘာသာစကား အကူအညီ လိုအပ်ပါက မေရီလန်း 2-1-1 | အမုန်းတရား အခြေခံသည့် ရာဇဝတ်မှုများအတွက် အရေးပေါ် ဆက်သွယ်ရန် 1-866-481-8361 | မေရီလန်းပြည်နယ် ရဲတပ်ဖွဲ့ 1-800-525-5555 | မေရီလန်း ပြည်သူလူထု အခွင့်အရေး ကော်မရှင်ရုံး 1-800-637-6247 |

သင့်ဖြစ်ရပ်ကို မျှဝေပါ၊ လူသိရှင်ကြား ရှုတ်ချပါ၊ မီဒီယာများနှင့် ဆက်သွယ်ပါ၊
သင်၏ကိုယ်စားလှယ်များနှင့် ဆက်သွယ်ပါ၊
သားကောင်ဖြစ်နေသော အခြားသူများကိုလည်း ထောက်ပံ့ပါ၊ ကူညီပါ၊
အတူတကွ ရပ်တည်ပါ၊ ချိတ်ဆက်ဆောင်ရွက်ပါ။